နောင်ဟူးကျေးရွာ

မန်သာကျေးရွာအုပ်စု၊ မံစီမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နောင်ဟူးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၈နိုဝင်ဘာလ၊ ၂၀၂၀ ခုနှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ



နောင်ဟူးကျေးရွာ သယံဇာတပြမြေပုံ



နောင်ဟူးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



နောင်ဟူးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

နောင်ဟူးကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ် မန်သာကျေးရွာအုပ်စု၊ မံစီမြို့မှ (၃၈) မိုင်ခန့်ကွာဝေးပြီး၊ မိုင်းခေါင်ချောင်းမှ စီးဆင်းလာသော ချောင်းနှစ်ဘေးတွင် တည်ရှိပါသည်။ ကျေးရွာရှိ လယ်များသည် မိုးတွင်းတွင် ချောင်းနှင့်နီးသောကြောင့် လယ်များမှာ ရေနှစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၅)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ စွယ်တော်၊ ကုက္ကို၊ သက်ရက်၊ ငှက်ပျော၊ ပိန္နဲ၊ သဖန်း စသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၄၁၅)ဧကရှိပါသည်။ ချောင်းရေကို ရေစုပ်စက်ဖြင့် တင်ယူပြီး နွေစပါးစိုက်ပျိုးကြပါသည်။ သဘာဝပေါက်ပင်နှင့်ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမန္တယ်၊ ကြောင်လျှာပင်၊ နန္တင်း၊ ဝါး၊ ကျွန်းများရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးပြုနိုင်မှု မရှိကြပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အဖွဲ့ပေါင်း(၉)ဖွဲ့ရှိပြီး စီးပွားရေးကိုအခြေခံသောအဖွဲ့(၁)ရှိပြီး လူမှုရေးသီးသီးကို အခြေခံသောအဖွဲ့(၃)နှင့် လူမှုရေးနှင့်ဘာသာရေး ပူးတွဲလုပ်နေသောအဖွဲ့(၅)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင်လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသည် တာဝန်ယူမှု၊ တာဝန် ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိသည်။

လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပလုပ်ငန်းလို အပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့ များရှိသော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှုအားနည်းသည်။ လုပ်ငန်းစွမ်း ဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမရှိကြပါ။ သက်ဆိုင်သော စီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ခြုံငုံသုံးသပ်ရလျှင် သာရေး နာရေး၊ ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများသာ အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကို ကောင်းစွာဦးဆောင် စီမံခန့်ခွဲ နိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်း အဖွဲ့အစည်းများစွာရှိသော်လည်း အဖွဲ့အစည်းအချင်း ချင်း ချိတ်ဆက်မှုလည်း မရှိကြပါ။ ချိတ်ဆက် မှုအားနည်းသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုးရေ ချိန်အလိုက် စိုက်ပျိုးကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် စပါး၊ ပဲ နှင့် ပြောင်းဖူး စသည်လည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်(၄၁၅)ဧကရှိသည်။ **လယ်ယာမြေ၏ မြေဆီလွှာအရည်အသွေးမှာ တင့်သည်။ လယ်များမှာ မိုးရေကို အားကိုးစိုက်ပျိုးကြရသည်။ အင်းအိုင်နှင့်နီးသော လယ်များနှင့် ချောင်းနှင့်နီးသော လယ်များမှာ ရေကြီးလျှင် ရေလွှမ်းခြင်းများဖြစ်သည်။ ထို့ကြောင့် စပါးများပုပ်ပြီး စပါးကိုပြန်စိုက်ရသည့် အခက်အခဲများနှင့် ကြုံရပါသည်။ စပါးတစ်ဧကလျှင် အနည်းဆုံး** (၈၀) **တင်းမှ အများဆုံး** (၁၀၀) **တင်းရရှိသည်။ ပျှမ်းမျှအားဖြင့် တစ်ဧက** (၉၀) **တင်းနှုန်းထွက်ပါသည်။ မိုးစပါးကို ဇူလိုင်လတွင် စတင်ပျိုးထောင် စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင်ပြန်လည် ရိတ်သိမ်းကြပါသည်။**

ပြောင်းဖူးကို ဧပြီ၊ မေလ များတွင် စတင်စိုက်ပျိုးကြပြီး ဇွန်၊ ဇူလိုင်လများတွင် ရိတ်သိမ်းကြပါ သည်။ တစ်ဧက အနည်းဆုံး (၃၀) **တင်းမှ အများဆုံး** (၄၀) **တင်းနှုန်းထွက်ပြီး ပျှမ်းမျှတစ်ဧက** (၃၅) **တင်း နှုန်း ထွက်ပါသည်။**

ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းမဟုတ်ကြဘဲ အိမ်စားသုံးရန်အတွက်လောက်သာ အိမ်နောက်တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ စပါး၊ ဟင်းသီးဟင်းရွက် စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများအကျိုးအမြတ်ရရှိမှု နည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုး နိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေ နည်းသည့်အတွက် လူငယ်များ/လူကြီးများသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာထွက်ကြပါသည်။ ယင်းအကျိုးဆက်အနေဖြင့် ကျန်းမာရေး ထိခိုက်လာကြပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၁၁၆ အိမ်၊ ဆင်းရဲသားတောင်သူ ၃ အိမ်၊ တောင်သူငယ်(၄၁)အိမ်၊ တောင်သူလတ်(၂၄)အိမ်နှင့် တောင်သူကြီး (၄)အိမ်ရှိပါသည်။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသည်။ နောင်ဟူးကျေးရွာတွင် ကျွဲ (၁၃၇) ကောင်၊ နွား(၃၇၉)ကောင်၊ ဝက်(၈၁) ကောင်၊ ကြက်(၁၆၃၇) မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း(၄) တွင်း၊ အဝီစိတွင်းစက်တပ် ၃၀ တွင်း၊ အဝီစိတွင်း တုံကင် ၃အိမ်ရှိသော်လည်း ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည် အသွေးကောင်းမကောင်းကို စစ်ဆေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၂၁၀ ဦးရှိသည်။ အလယ်တန်းအဆင့်ပြီးလျှင် အထက်တန်းကို ဗန်းမော်ကျောင်းသို့ သွားရောက်တက်ကြရသည်။ ဤသို့ သွားတက်ရသဖြင့် ငွေကြေးကုန်ကျမှုများကြောင်း သိရှိရပါသည်။ မိဘများမှာ ငွေတိုးများကို ကျေးရွာ တွင် ရှာဖွေပြီး ပို့ကြရသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ငှက်ဖျားရောဂါ၊ သွေးတိုးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်သည်။ အခြားရောဂါများ အနည်းငယ်ရှိသော်လည်း ကျေးရွာတွင် ဆေးခန်းရှိခြင်း၊ လူမှုကူညီရေးအသင်းရှိခြင်းကြောင့် အချိန်မှီဆေးရုံ၊ ဆေးပေးခန်းများသို့ ကူညီပေးပို့ခြင်းတို့ကြောင့် အသက်ဆုံးရှုံးမှု မရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့် ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသော အိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များ အသုံးပြုနေကြသည်ကိုတွေ့ရပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရရှိသေးပါ။ ဆိုလာကိုသာ အသုံးပြုကြသည်။ ဆိုလာစနစ်သုံး
စွဲသူများမှာ ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ ထို့ကြောင့် မဟာဓါတ်အားလိုင်းကို လိုအပ်ပါသည်။

ကျေးရွာနှင့်အနီးဆုံးစျေးမှာ မန်သာစျေးဖြစ်ပြီး ၃မိုင်ခန့် ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊ ပဲ
ပြောင်းစသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၃၅)ကျော်ခန့် ကွာဝေးသော ဗန်းမော် စျေးသို့ ကား၊ ထော်လာဂျီများကိုငှား၍ သွားရောင်းရပါသည်။ ကုန်စည်များ ရောင်းချရာတွင် ရှာနှင့် ဝေးလွန်းသောကြောင့် ငှားရမ်းခမှာ များစွာပေးရပါသည်။ ထို့ကြောင့် စျေးကွက်တွင် ချောမွေ့စွာရောင်းချ နိုင်ရန်အတွက် ကျေးရွာနှင့် သိပ်မဝေးသောနေရာ၌ စျေးကွက်တစ်ခုရှိထားနိုင်ရန် လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရ စိုက်ပျိုးရေးဘဏ်မှ ချေးငွေ ရရှိသည်။ ကျေးရွာတွင် လယ်များမှာ ပုံစံ (၇) မရကြပါ။ စိုက်ဘဏ်ချေးငွေမှာ အတိုးနှုန်း သက်သာသော်လည်း စိုက်ပျိုးရန် အချိန်မီချေးငွေမရရှိသော ကာလတိုချေးငွေဖြစ်သည်။သီးနှံအောင်မြင်သည်ဖြစ်စေ၊မအောင်မြင်သည်ဖြစ်စေ သတ်မှတ်ထားချိန်တွင် မဖြစ်မနေ ပေးဆပ်ကြရသည်။ သီးနှံအောင်မြင်ပါကလည်း မိမိတို့သီးနှံကို စျေးကောင်းမစောင့်နိုင်ဘဲ သတ်မှတ်ကာလတွင် ပေးဆပ်နိုင်ရန်ရောင်းချကြရသဖြင့် တောင်သူများအတွက် ငွေကြေးရရှိမှုမှာ အကျိုးအမြတ်ရှိမှုနည်းသည်။ ချေးငွေပမာဏမှာလည်း ကုန်ကျစရိတ်လုံလောက်မှု မရှိသောကြောင့် ကျန်လိုအပ်သော အရင်းအနှီးအချို့ကို ပြင်ပငွေချေးသူများထံမှ အတိုးနှုန်းမြင့်မားစွာ ထပ်မံချေးယူစိုက် ပျိုးကြရသည်။

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေ ဖြစ်ပြီးာချေးငွေ လုံလောက်မှုမရှိသေးပါ။ ထို့ကြောင့် တောင်သူများနှင့်သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန် တင်ပြကြသည်။

(c) ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ရှိပြီး အထက်တန်းကျောင်းသားဦးရေမှာ ၂၈ ရှိသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ၊ မိဘဆရာအသင်းများမှ ကူညီပံ့ပိုးထားရှိသည်။ ကျောင်းဝန်းကို ပျဉ်ပြားများဖြင့် ကာထားရသည်။ ထိုပျဉ်များဆွေးသွားပါက မကောင်းသဖြင့် ကျေးရွာမှနွားများသည် ဘောလုံးကွင်းတွင် မြက်စားကြသည်။ ကလေးများက ငယ်သဖြင့် နွားတိုက်မည်ကိုသာ စိုးရိမ်ရပါသည်။ ထို့ကြောင့် ကျောင်းဝန်းကို ကာရံအုတ်တံတိုင်းရရှိရန် တင်ပြကြပါသည်။

တပည့်ဆရာအချိုးမှာ ၅၀: ၁ ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာ လုံလောက်မှုရှိသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ မိဘဆရာအသင်း၊ ကျောင်းကော်မတီ အဖွဲ့ဝင်တိုင်းကလည်း အသင့်အတင့်သာကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ၄က်ဖျားရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသောအိမ်များတွင် ခြင်ထောင်မသုံးစွဲနိုင်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားမှုများသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွါးမှုနည်းသည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အာဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်းချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် လူအပေါင်းတို့သည် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံးကရိယာများနှင့် ကွန်ပျူတာသင်တန်းလိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေး များကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီလွှာအခြေအနေတွင် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာလျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက်ဝင် အပင်များ၊ ကြိမ်၊ သစ်ခွ၊ ဝဲများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေရရှိမှုကလည်း နည်းလာပြီး အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ ဆေးခတ်ခြင်းတို့ကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု အရမ်းမြင့်သည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ကျီ၊ တောဝက်၊ ဆတ်၊ တောကြောင်၊ ငှက်၊ မျောက် အနည်းငယ်သာရှိပြီး ရှားပါးလာမှုမြင့်သည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရပြီး ပြန်စိုက်ရသဖြင့် စပါးရိတ်သိမ်းလျှင် နောက်ကျကြောင်း တွေ့ ကြရသည်။

(၉) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု အားကောင်း ကြသည်။ လူထုမှ ရွေးချယ်တင်မြောက်ကြလျှင် အမျိုးသမီးများက ကိုယ်တတ်နိုင်သလောက်လုပ်ဆောင် ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် နေ့စားလုပ်လျှင် အမျိုးသားနှင့် အမျိုးသမီး အလုပ်တူသော်လည်း လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ပန်းရံလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၈၀၀၀ ကျပ်အထိနှင့် အမျိုးသမီး တစ်ရက် လုပ်အားခ ၅၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှု မရှိဘဲ တန်းတူ ရသည်ဟု ဆိုနိုင်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေး	၆
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ မူလတန်းကျောင်း အုတ်တံတိုင်းကာရံခြင်း	၂
၃	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ကျေးရွာစာကြည့်တိုက်ထူထောင်ခြင်း	၃
၄	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း ၂။ ချောင်းကူးတံတားအဆင့်မြှင့်တင်ခြင်း	၁ ၄
၅	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ အလှပြင်သင်တန်း ၂။ စက်ချုပ်သင်တန်း ၃။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း ၄။ ပန်းအလှပြင်သင်တန်း ၅။ လက်သမား/ပန်းရံသင်တန်း	၅

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု					
ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည်အားနည်းသည်။	ခေါင်းဆောင်တစ်ဦးတည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရှာသူ/သားများက လိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့် ဆိုင်သော ဗဟုသုတအားနည်းခြင်း	ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသော အဖွဲ့အစည်းများစွာရှိ သည်။			**အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်း များ** ၁။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှု သင်တန်း
၂။ ကဏ္ဍ – ပညာရေး					
စာသင်ကျောင်းလုံခြုံမှုမရှိခြင်း	ခြံစည်းရိုးများမကောင်း၍ ပျက်စီးခြင်း	ကျေးရွာတွင်းမှ သဲရရှိနိုင်	ကျောင်းရန်ပုံငွေမရှိခြင်း	ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။	**ပညာရေးဖွံ့ဖြိုးမှုစီ မံကိန်း** ၁။ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း
၃။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း					
စာပေအသိ	စာကြည့်တိုက်မရှိခြင်း	ဆောက်လုပ်ရန်မြေနေရာ	ကုန်ကျစရိတ်မတတ်	လေ့လာသင်ယူနိုင်မည့်	

ပညာဗဟုသုတလွန်စွာအားနည်းခြင်း		ရှိ	နိုင်ခြင်း	အစီအ စဉ်များထားရှိခြင်း	**လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** ၁။စာကြည့်တိုက်ထူထောင်ခြင်း
၄။ ကဏ္ဍ – လမ်းတံတားနှင့် အခြေခံအဆောက်အဦးများဖွံ့ဖြိုးရေးစီမံကိန်း					
ကျေးရွာတွင်လမ်းများပျက်စီးခြင်း	မိုးရေများဝပ်၍ရေအိုင်ပြီးကျောင်းသားများသွားလာရခက်ခဲခြင်း	ကွန်ကရစ်လမ်းခင်းရန်ေျေးရွာတွင်းသဲများရရှိနိုင်၊ရွာမှလုပ်အားရရှိနိုင်	ကုန်ကျစရိတ်မတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနသို့တင်ပြ အကူအညီတောင်းခံခြင်း	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း
ချောင်းကူးတံတားမှာပျက်စီးလာခြင်း	မိုးရာသီတွင်တောင်ကျရေများလျှံသဖြင့်လက်တွန်းထွန်စက်ငယ်များ ကူးရန်ခက်ခဲခြင်း	ကွန်ကရစ်တံတားခင်းရန်သဲ ဒေသအတွင်း အလွယ်တကူ အလုံ လောက်ရရှိနိုင်၊ကျေးရွာမှလုပ်အားရရှိနိုင်သည်။	ကွန်ကရစ်တံတားခင်းရန်ငွေ ကြေး မတတ် နိုင်ကြပါ။	ကျေးရွာမြစိမ်းရောင်အတိုးရငွေဖြင့်ဆောင်ရွက်နိုင်ရေး၊ပြင်ပအလှူရှင်ပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊လွတ်တော်ဆင်း/လျော့ရန်ပုံငွေဖြင့်လည်းကောင်းပူးပေါင်းဆောင်ရွက်ရန်	ချောင်းကူးတံတားအဆင့်မြှင့်တင်ခြင်း
၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း					
ကုန်ထုတ်လုပ်မှုနှင့် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေနည်းပါးခြင်း	အသက်မွေးဝမ်းကျောင်းနည်းပညာ ဖွံ့ ဖြိုးမှုအားနည်း သည်။	နည်းပညာသင်ယူရန်လူ့အရင်းအမြစ်ရှိခြင်း၊အသက်မွေးဝမ်းကျောင်းနည်းပညာ ပံ့ ပိုးပေးသောဖွံ့ဖြိုးရေးအဖွဲ့ အစည်းများဒေသအတွင်း ရှိသည်။	သင်တန်းတက်ရောက်ရန်ကုန်ကျမှု ငွေကြေးမတတ်နိုင် ကြပါ။	ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနသို့တင်ပြ အကူအညီတောင်းခံခြင်း	၁။ အလှပြင်သင်တန်း ၂။ စက်ချုပ်သင်တန်း ၃။ ဆိုင်ကယ်၊ ကားစက်ပြင်သင်တန်း ၄။ ပန်းအလှပြင်သင်တန်း ၅။ လက်သမား/ပန်းရံသင်တန်း

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၉	၂၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၀	၄၀	၇၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၅	၄၁	၈၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၀	၄၄	၈၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၈	၂၈၆	၅၇၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၂	၂၆	၄၈
စုစုပေါင်း		၄၃၆	၄၄၅	**၈၈၁**
စုစုပေါင်း အိမ်ထောင်စု		**၁၈၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နောင်ဟူးကျေးရွာ၏ လူဦးရေသည် ၁နှစ်အောက်ကလေး ကျား/မ ဦးရေမှာ ကျား(၁၁)၊ မ(၉) စုစုပေါင်း(၂၀)ရှိပြီး (၁)နှစ်မှ (၄)နှစ်ထိဦးရေမှာ ကျား(၃၀)။မ(၄၀)စုစုပေါင်း ၇၀၊ (၅)နှစ်မှ (၉)နှစ်ထိ ဦးရေမှာ ကျား(၄၅)၊ မ(၄၁) စုစုပေါင်း ၈၆၊ ၁၀နှစ်မှ (၁၄)နှစ် ဦးရေမှာ ကျား(၄၀)။မ (၄၄) စုစုပေါင်း ၈၄၊ ၁၅နှစ်မှ ၆၄ဦးရေမှာ ကျား၂(၈၈) နှင့် မ(၂၈၆) စုစုပေါင်း ၅၇၄၊ ၆၅နှစ်အထက်ဦးရေမှာ (ကျား ၂၂ + မ ၂၆) ရှိသည်။ ၎င်းကျေးရွာ**၏ လူများသည်** ကျန်းမာရေး၊ **လူမှုရေးများ**ကောင်းမွန်သည်ကို တွေ့**ရှိ**ရပါသည်။

(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ
(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ
ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☒	ညံ့☐
ဥယျာဉ်ခြံမြေ				
ကိုင်း/ကျွန်းမြေ				
ခနိတောမြေ				
စားကျက်မြေ				
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☒	ညံ့☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေများ၏ မြေဆီလွှာများသည် အသင့်အတင့်ရှိ၍ စိုက်ပျိုးရေးတွင် ကောင်းမွန်လျက်ရှိပြီး၊ တောင်ယာမြေများလည်း အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ အချို့သော လယ်ယာမြေများသည် ခါတ်မြေဩဇာများကို အဓိကအားထား အသုံးပြုနေသည်ကို လဲ တွေ့ရှိရပါသည်။ မြေလွတ်မြေလပ်များ များစွာရှိပြီး၊ ၎င်းမြေလွတ်မြေလပ်များကို ကျေးရွာမှ အနည်းငယ်သာ ပိုင်ဆိုင်ပြီး၊ ပိုင်ဆိုင်မှုအများဆုံးအဖြစ် တွေ့ရှိရသည်မှာ ကုမ္မဏီများသာဖြစ်ပါသည်။ ထို့ကြောင့် မြေလွတ်မြေလပ်ပိုင်ဆိုင်မှုများကို ကျေးရွာသူ/သားများ ဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ပေးရန် လေ့လာတွေ့ရှိရပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် **အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)**	မရှိ	မရှိ
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	(သင့်)	လွယ်
သဘာဝ **အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)**	(သင့်)	ခက်
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	**(သင့်)**	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဲများကို အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များသည် အသင့်အတင့်မှအနည်းငယ်သို့ ကူးပြောင်းလာသည်ကို တွေ့ရှိရပါသည်။ ၎င်းမျိုးစိတ်များ ရှားပါးလာရခြင်း အကြောင်းအရင်းမှာ သဘာဝသစ်တောများ ဖြုန်းတီး လာခြင်း၊ ကုမ္မဏီများ စီးပွားရေးအရင်းရှင်များ ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်ကို လေ့လာတွေ့ရှိရ ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနှည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျောင်း	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁☐ ၂☒၃☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	သင့်☒
၂	လူမှုကူညီရေးအဖွဲ့	၁☒ ၂☐ ၃☐	၁၀	၁၀	၂၀	ပညာရေး ☒ ငွေကြေး ☒ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့်☒
၃	VDP	၁☐ ၂☒ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့်☒
၄	ကြက်ခြေနီအဖွဲ့	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☒ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်	သင့်☒

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျောင်း	မ	ပေါင်း		
						ရေး ☒	
၅	အရန်မီးသတ်အဖွဲ့	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	စွမ်းဆောင်ရည်အတင့်အသင့်ရှိ
၆	လူပျိုအပျိုအဖွဲ့	၁☒ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စွမ်းဆောင်ရည်အတင့်အသင့်ရှိ
၇	မြစိမ်းရောင်	၁ ☐ ၂ ☒ ၃ ☐				ပညာရေး ☐ ငွေကြေး☒ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စွမ်းဆောင်ရည်အတင့်အသင့်ရှိ
၈	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒	သင့်☒

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျောင်း	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၉	ပေါ်ခိန်/ မယ်ခိန်အဖွဲ့	၁☒ ၂☐				ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများ အသီးသီးရှိကြပါသည်။ ၄င်းအဖွဲ့အစည်းများမှာ လူမှုကူညီရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ အပျိုလူပျိုလူငယ်အဖွဲ့၊ပေါ်ခိန်မယ်ခိန်အဖွဲ့၊ မီးသတ်အဖွဲ့၊ မြစိမ်းရောင်အဖွဲ့နှင့် VDP အဖွဲ့များရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့ (အုပ်ချုပ်ရေး) အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ပညာရေး/ ဘာသာရေးအဖွဲ့အစည်းများ အသီးသီး ရှိကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂.၅ကေအထက်	၂.၁၂ ဧကကြား	-	-
အိမ်အခြေအနေ	အုပ်တက်ပျဉ်ထောင်အိမ်	ပျဉ်ထောင်အိမ်	ပျဉ်ထောင်၊ သက်ကယ်အိမ်	သက်ကယ်မိုး ထရံကာအိမ်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ယာစိုက်ပျိုးရောင်းဝယ်ရေး	လယ်ယာစိုက်ပျိုးေ◌းး	နေ့စားလုပ်	ကြံုရာကျပန်း နေ့စားလုပ်
အိမ်ထောင်စု(၁၈၉)	၁၁	၁၀၆	၆၅	၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသူ/သားအားလုံးသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ရွာရှိ အဆင်ပြေသော အိမ်ထောင်စုသည် စိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးကိုလုပ်ကိုင် ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါ သည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများသည် မြေယာမဲ့များ ဖြစ်ကြပြီး မြေယာပိုင်ဆိုင်သော လယ်သမားများထံ၌ နေ့စား/စာရင်းငှားများအဖြစ် အလုပ်လုပ်ကြသည် ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများ အလွန်ရှားပါးကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏ **စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၁၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်၊ ယာ၊ မြေ ပိုင်ဆိုင်မှု လူဦးရေမှာ (၇၂)ဦးရှိပြီး ထိုသူများသည် ဆင်းရဲသားတောင်သူ၊ တောင်သူငယ်၊ တောင်သူလတ်နှင့် တောင်သူကြီးများ ဖြစ်ကြပါ သည်။ ကျေးရွာတွင်း တောင်သူဦးရေများထက် မြေယာမဲ့လူဦးရေများမှာ ပိုမိုများပြားနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသူများသည် နေ့စားအလုပ်သမားများအဖြစ် ရပ်တည်နေသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၄၁၅	တင်း	၈၀	၁၀၀	၉၀	နွေလိုင်လ	ဒီဇင်ဘာလ	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
ပဲ	၁၅၀	တင်း	၄၀	၆၀	၅၀	ဇန်နဝါရီလ	ဇွန်လ	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
ပြောင်း	၉၀	တင်း	၃၀	၄၀	၃၅	ဇန်နဝါရီလ	ဇွန်လ	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပဲနှင့် ပြောင်း တို့ဖြစ်ပါသည်။ စပါးစိုက်ကေပေါင်း(၄၁၅)ကေရှိပြီး ဇူလိုင်လတွင်စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုံးမှာ တစကေ တင်း ၈၀ မှ အများဆုံး တင်း ၁၀၀ နှင့် ပျမ်းမျှ ၉၀ တင်းနှုံးထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်အတင့် ဖြစ်ပြီး အမြတ်ရရှိနိုင်မှု လတ်သည်။

ပဲစိုက်ကေမှာ ၁၅၀ ကေခန့်ရှိပြီး ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ရိတ်သိမ်းကြသည်။ တစ်ကေ အနည်းဆုံး တင်း ၄၀ မှ အများဆုံး တင်း ၆၀၊ ပျမ်းမျှ ၅၀ တင်းနှုံး ထွက်သည်။ ဈေးကွက် အလုံအလောက်ရှိပြီး အမြတ်အစွန်း ရရှိမှု လတ်သည်။

ပြောင်းဖူးစိုက်ကေမှာ ၉၀ ကေခန့်ရှိပြီး ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ရိတ်သိမ်းကြသည်။ တစ်ကေ အနည်းဆုံး တင်း ၃၀ မှ အများဆုံး တင်း ၄၀၊ ပျမ်းမျှ ၃၅ တင်းနှုန်း ထွက်သည်။ ဈေးကွက်အလုံအလောက်ရှိပြီး အမြတ်အစွန်း ရရှိမှု လတ်သည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃၇၉	
နို့စားနွား	–	
ကျွဲ	၁၃၇	
မြင်း	–	
မြည်း	–	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
လား	–	
ဆိတ်	–	
သိုး	–	
ဝက်	၈၁	
ကြက်	၁၆၃၇	
ဘဲ	–	
နွားနောက်	–	
ငါးလုပ်ငန်း		
ငါးကန်	–	
ပုဇွန်ကန်	–	
ဂဏန်း မွေးမြူရေးလုပ်ငန်း	–	
ရေချို ငါးဖမ်းလုပ်ငန်း	–	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	–	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးဖြစ်သော တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ကြက်၊ ဝက်များ မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။ ကျွဲ ၁၃၇ ကောင်၊ နွား ၃၇၉ကောင်တို့သည် လယ်ယာတွင် အသုံးပြုနိုင်အောင် အားထားမွေးမြူကြပြီး ဝက် (၈၁) ကောင်နှင့် ကြက် (၁၆၃၇) ကောင်တို့ကို ဝမ်းစာဖူလုံရေးအတွက် စားခြင်း၊ ရောင်းခြင်းများ ပြုလုပ်ခြင်းစသည်တို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရုပ်တည်နိုင်မှု(နိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	–	–	–	–
၂	ထုတ်ကုန်လုပ်ငန်း	–	–	–	–
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	–	–	–	–
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	၃	၁	–	နိမ့်
၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	–	–	–	–
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	–	–	–	–
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၃	–	–	လတ်

၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	–	–	–	–
၉	ပို့ဆောင်ရေး၊သိုလှောင်ရေး	–	–	–	–
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	၃	–	–	မြင့်
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း	–	–	–	–
၁၂	ပညာရေး	–	–	–	–
၁၃	ကျန်းမာရေး	–	–	–	–
၁၄	လူမှုရေးလုပ်ငန်းများ	၅	–	–	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	–	–	–	–

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆောက်လုပ်ရေး၊ လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူ ဦးရေမှာ(၃)ဦးရှိပါသည်။ ၎င်းတို့သည် ကျေးရွာတွင်သာ အဓိက လုပ်ကိုင်ကြပါသည်။ လက်လီ၊ လက်ကားရောင်းဝယ်သော ဈေးဆိုင်(၃)ဆိုင်ရှိ၍ စီးပွားဖြစ်မှုတွင် အသင့်အတင့်သာရှိပါသည်။ ချေးငွေဝန်ဆောင်မှုလုပ်ငန်း (၃)ခုရှိ၍ အဖွဲ့အစည်း(၃)ခုမှ ချေးပေးပါသည်။ လူမှုရေးလုပ်ငန်း အရေအတွက် (၅)ခု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	မံစီမြို့	ဇန်းမော်မြို့
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☒	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☒ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐
ကုန်စည်နှင့် ဝန်ဆောင်မှု ရရှိနိုင်မှု (<u>အနည်းဆုံးတစ်ခု နှင့်အထက်</u> ရွေးနိုင်သည်။)	စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☒ အဝတ်အထည်☒ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐	စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☒

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)			အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)		
ဈေးအခြေခံအဆောက်အဦ	ကောင်း☐	သင့်☒	ညံ့☐	ကောင်း☒	သင့်☐	ညံ့☐
ဝန်ဆောင်မှု	ကောင်း☐	သင့်☒	ညံ့☐	ကောင်း☒	သင့်☐	ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ကုန်စီနှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေတွင် အနီးဆုံးဈေးမှာ ၁၅မိုင်ထက်သွားရောက်ဝယ်ယူရပြီး၊ စိုက်ပျိုးရေး၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် အခြားကုန်ပစ္စည်းများကို ဝယ်ယူရာတွင် အကြီးစားဈေးကွက်ဖြစ်သော မြို့ပေါ်၌ သွားရောက် ဝယ်ယူရပါသည်။ ထိုမြို့ပေါ်သို့ သွားရောက်ဝယ်ယူလိုပါက ကားဖြင့်လည်းကောင်း၊ ဆိုင်ကယ်များဖြင့် လည်းကောင်း သွားရောက်၍ ဝယ်ယူရပါသည်။ ထိုသို့သွားရာတွင် မိုင်(၃၀)အထက် သွားရောက်ဝယ်ယူရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁ ☐ ၂☐ ၃☐ ၄☐ ၅ ☒	ကောင်း☐ သင့် ☐ ညံ့ ☒	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☒	ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☒ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐	ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅ ☒	ကောင်း ☐ သင့် ☐ ညံ့ ☒	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☒	ပွင့်လင်းရာသီ ☒ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလမ်းများမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ပြုလုပ်ဖြစ်ပေါ်နေသော လမ်းဖြစ်ပါသည်။ လမ်း၏အမျိုးအစားမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာမှု အခက်အခဲများစွာ ရှိနေပါသည်။ ရွာချင်းဆက်လမ်းများရှိပြီး မိုးရာသီတွင် သွားလာမှု အသုံးမပြုနိုင်သောလမ်းများအဖြစ် လေ့လာတွေ့ရှိရပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း အလွန်ဝေးကွာနေခြင်း ကြောင့် ရွာသူ/ရွာသားများ သွားလာအသုံးမပြုကြပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၃၅	၁၂၅		၁၆	၁၂		၂၈

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၃၅ စီး၊ မော်တော်ဆိုင်ကယ် ၁၂၅ စီး၊ ထော်လာကျီ ၁၆ စီး၊ ကား ၁၂ စီးနှင့်နွားလှည်း ၂၈ စီး ရှိပါသည်။ ထော်လာကျီနှင့်နွားလှည်းများကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုကြပါသည်။ သယ်ယူပို့ဆောင်ရေး တွင် ကား (၁၂)စီး မှ(၄)စီးမျှသာ မြို့ပေါ်သို့ ကုန်စိမ်းများ၊ ကုန်ခြောက်များ၊ လူသုံးကုန်ပစ္စည်းများဝယ်ယူ/ ရောင်းရာ၌ အသုံးပြုနိုင်ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
မဟာဓာတ်အားလိုင်း	-	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
ဆိုလာစနစ်	–	ကောင်း☐ သင့် ✓ ညံ့☐	ရှိ✓ မရှိ☐
အသေးစားရေအားလျှပ်စစ်	–	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐
ဒီဇယ်သုံးအင်ဂျင်	–	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐
လေစွမ်းအင်	–	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐
ဇီဝလောင်စာ	–	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	–	ကောင်း☐ သင့် ☐ ညံ့☐	ရှိ☐ မရှိ☐
လျှပ်စစ်မီး အသုံးမပြုနိုင်သော	–	☒	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုမှာ ဆိုလာမီးကိုသာ အဓိကအားထား အသုံးပြုကြပါသည်။ အခြားသောလျှပ်စစ်ဓါတ်အားများမရရှိပါ။ဆိုလာလျှပ်စစ်မီးအသုံးပြုသော်လည်း အခက်အခဲများစွာရှိပါသည်။ဆိုလာမီးအသုံးပြုနိုင်သည့်အိမ်ခြေမှာရွာ၏တစ်ဝက်ခန့်သာဝယ်ယူအသုံးပြုနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

(၅-ဖ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၂၇၁	၁၄	၃၃	၃၂

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသူ/သားများသည် ဖုန်း၊ ရေဒီယို၊ တီဗွီနှင့်ဂြိုလ်တုစလောင်းများကိုလည်း အသုံးပြုကြပါသည်။ ၎င်းပစ္စည်းများ၏ အရည်အတွက်များကို ဖော်ပြထားပါသည်။ ဖုန်း (၂၇၁)၊ ရေဒီယို (၁၄)၊ တီဗွီ(၃၃)လုံးနှင့် ဂြိုလ်တုစလောင်း (၃၂)လုံး အသုံးပြုကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဖ)ပညာရေး

(ဖ-၁) ကျောင်းတက်နှုန်း

ဇယား (၁ဖ) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၉၆	၉၃	၁၈၉
အလယ်တန်း	၃၃	၄၇	၈၀
အထက်တန်း	၁၁	၁၇	၂၈
တက္ကသိုလ်/ကောလိပ်	၉	၁၅	၂၄

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းသူ/သား တက်ရောက်သူပေါင်း (၁၈၉) ဦး၊ အလယ်တန်းကျောင်းသူ/သား တက်ရောက်သူ (၈၀) ဦး၊ အထက်တန်းကျောင်းသူ/သား တက်ရောက်သူ (၂၈)ဦးနှင့် တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၂၄) ယောက်ရှိပါသည်။ ရွာတွင်းရှိ အချို့သော ကျောင်းသူ/သားများသည် ဆင်းရဲခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ကျောင်းပညာများကို ပြီးဆုံးအောင် ဆက်လက်၍ သင်ကြားနိုင်ခြင်း မရှိကြသည်များကိုလည်း လေ့လာတွေ့ရှိပါသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☒ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☒ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၃၃၈
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☒ သင့် ☐ ညံ့☐
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☒
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☒ ညံ့ ☐ မရှိ ☐
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☒ တိုက်ကျွေးမှု မရှိပါ ☐

၈။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း
အစိုးရခန့်		၉	၉
ကျေးရွာခန့်		၂	၂

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စာသင်ကျောင်းသည် အလကခွဲဖြစ်ပြီး ကျောင်း၏စတုရန်းပေ စုစုပေါင်းမှာ (၃၃၈)ပေရှိပါသည်။ ယခုလက်ရှိ ကျောင်းသား/သူများနှင့်စာသင်ကျောင်းသည် လုံလောက်စွာရှိသည်ကိုလည်း တွေ့ရှိရပါသည်။ စာသင်ကျောင်းများမှာ အလွန်ကောင်းမွန်လျက်ရှိပြီး ကျောင်း၏ခြံဝန်းမှာ မကောင်းမွန်သဖြင့် ကွဲ၊ နွားများ ဝင်ထွက်သွားလာနေသည်ကိုလည်း လေ့လာတွေ့ ရှိရပါသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	*ရောဂါ*	*ပျံ့နှံ့မှု/ ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၂	သွေးလွန်တုပ်ကွေး	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၃	ငှက်ဖျား	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၆	တီဘီ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၇	ဆီးချို	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၈	သွေးတိုး	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသူ/သားများသည် ကျန်းမာရေးတွင် ကောင်းမွန်ကြပြီး ရံဖန်ရံခါဖြစ်တတ်သော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ငှက်ဖျားများဖြစ်တတ်ပါသည်။ ရွာတွင်းရှိ အသက်ကြီးပိုင်းသူများမှာ ဆီးချိုနှင့် သွေးတိုးများဖြစ်ပေါ်နေသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		✓
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		✓
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု		✓
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓
၈	အာဟာရ ပညာပေး အစီအစဉ်		✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ ထိုးခြင်း၊ ဆေးများတိုက်ကျွေးခြင်းပြုလုပ်၍ ရှိပါသည်။ ၎င်းတို့မှာ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါနှင့် မေးခိုင် *(ကိုယ်ဝန်ဆောင်ကာလအတွင်း)*တို့ဖြစ်ပါသည်။ အခြားရောဂါများဖြစ်သည့် အဆုတ်ရောဂါများ ၊ အခြား စုပေါင်းကာကွယ်ဆေးများထိုးပေးခြင်း၊ တိုက်ကျွေးခြင်းများမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☒ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☒ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☐ မရှိ ☒
ဆေးဆိုင်	ရွာတွင် (သို့မဟုတ်) ရွာအနီး	ဆေးဆိုင်တွင် ဆေးဝါးများကို

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	အနားတွင် ဆေးဆိုင် ရှိသည် ☐ ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☒	စနစ်တကျ သိုလှောင်ထားသည် ☐ ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန/ခွဲတည်ရှိပါသည်သည်။ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသည် ကျေးရွာနှင့် အလှမ်းဝေးကွာပြီး မိုင်(၃၀) အထက်တွင် တည်ရှိနေပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များ မရှိပါ။ လိုအပ်မှု/အရေးပေါ်ကိစ္စဖြစ်ပါက မြို့ပေါ်၌ သွားရောက်ဝယ်ယူရပါသည်။ ကျေးရွာအတွင်းရှိ ဆေးဆရာ/ဆရာမများမှာ ကျွမ်းကျင်တတ်မြောက်မှု မရှိခြင်းကို လည်း လေ့လာတွေ့ရှိရပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇-၄-၁) **သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကန္၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း		ရှိ☑ မရှိ☐	ကောင်း☑ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝိစိတွင်း/ စက်တပ်		ရှိ☑ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝိစိတွင်း/ တုံကင်		ရှိ☑ မရှိ☐	ကောင်း☐ သင့်☐ ညံ့☑	နွေ ☑ မိုး ☑ ဆောင်း ☑
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မြစ်/ ချောင်းရေ		ရှိ☑ မရှိ☐	ကောင်း☑ သင့်☐ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
ရေကန် (၇)		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကန္တေ၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
				မိုး ☐ ဆောင်း ☐
စိမ့်စမ်းရေ		ရှိ☑ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☐ မိုး ☑ ဆောင်း ☑

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ ကောင်းမွန်လျှက်ရှိပါသည်။ ရေတွင်း၊ စက်တပ်/အဝီစိတွင်း တုံကင်များရှိပါသည်။ ကျေးရွာသည် ချောင်းရေဘေးတွင် တည်ရှိပြီး မိုးတွင်းနှင့် ဆောင်းရာသီကာလများတွင် စိမ့်စမ်းရေများကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင်းရှိ ရွာသူ/ သားများသည် ရေများကို လုံလောက်စွာ သုံးဆောင်နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၈၉
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများကို အိမ်တိုင်း သုံးစွဲနေသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသောအိမ်များမှ အိမ်သာများသည် ပျက်စီးစပြုနေသည်များကိုလည်း လေ့လာ တွေ့ရှိရသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေများမှာ မြင့်၊ လတ်၊ နိမ့်၊ မရှိခြင်းစသည်တို့ဖော်ပြချက်များလည်းရှိပါသည်။ လတ်နှင့်နိမ့်များသည် စိုးရိမ်ပူပန်မှုများမရှိသော်လည်း

(မြင့်) သစ်တောပြုန်းတီးခြင်းသည် ကြီးမားသော ထိခိုက်လွယ်မှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ ထိုသစ်တောပြုန်းတီးခြင်းကို သက်ဆိုင်ရာများလာရောက် ဖြေရှင်းပေးခြင်း၊ တားဆီးပေးခြင်း စသည် လိုအပ်ချက်များကို လေ့လာတွေ့ရှိရပါသည်။ ဆောင်ရွက်ပေးစေလိုပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု		
မြေဆီသြဇာ အခြေအနေ	မြင့်☐	လတ်☒	နိမ့်☐
အပင်မျိုးစိတ်များ	မြင့်☐	လတ်☒	နိမ့်☐
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်☐	လတ် ☒	နိမ့်☐
ရေအရင်းအမြစ်	မြင့် ☐	လတ်☐	နိမ့်☒
ငါးမျိုးကွဲများ	မြင့်☒	လတ်☐	နိမ့်☐
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်☐	လတ် ☒	နိမ့်☐
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်☐	လတ်☐	နိမ့်☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေဆီသြဇာ အခြေအနေ၊ အပင်မျိုးစိတ်များ၊ အဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုနှင့် အခြား တိရစ္ဆာန်မျိုးကွဲများ အန္တရာယ်ရှိမှုမှာ အလယ်အလတ်တွင်ရှိပြီး ငါးမျိုးကွဲများ ဖြစ်ပေါ်မှုမှာ အမြင့်တို့ရောက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမှာဖြင့် အနည်းငယ်နိမ့်တို့တွင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိ ပတ်ဝန်း ကျင်နှင့် သဘာဝရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☒	*မရှိ* ☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☒	*မရှိ* ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☒

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၄	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☒	*မရှိ* ☐

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးများသည် အဖွဲ့အစည်းအသီးသီး၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထုများသည် အသိအမြင်များရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။